Consignee 78 Co, Ltd

UMG

# CASH CLAIM FORM

0083 - 2025

Date : 3 - July - 2025

BU/BR/Division : logistics

Department : Import

Issue Amount : ......................Kyats/ $ 2340.00/USD

Budget include (or) Not :

Yes ☐ Budgeted Title and Amount :

No ☐ Reasons for :

**Required For:** Payment For license apply charges.
Brand New Forklift - 13u, B/N → Mitsubishi
30%. Down payment

မှတ်ချက်။

(၁) အဆင့်ဆင့်သက်ဆိုင်ရာတာဝန်ရှိလူကြီးမင်းများအားလုံး သေချာစွာစုံစမ်းစစ်ဆေးတွက်ချက်ပြီးထားသော ငွေပမာဏဖြစ်ရပါမည်။

(The amount requested must be properly calculated, checked and verified by respective authorized person)

(၂) ထုတ်ယူငွေနှင့် ပတ်သက်၍ အမှားအယွင်း၊ လိမ်လည်မှု နှင့် အလွဲသုံးစားမှု တစ်စုံတစ်ရာ ရှိခဲ့ပါက၊ သက်ဆိုင်ရာ၊ တာဝန်ရှိစစ်ဆေးအတည်ပြုသူက အပြည့် အဝ ပြန်လည်ရရှိအောင် တာဝန်ယူ ဆောင်ရွက်ပေးရမည်

(If there is errors, frauds or misappropriation, the authorized person must take full responsibility to recover the loss)

| Request By | Checked By | Checked By | Approved By | Approved By |
|---|---|---|---|---|
| [signature] | [signature] 3/Jul/25 | [signature] 3/Jul/25 | [signature] 3/Jul/25 | |
| Requester | Mgr/DH | Finance & Account | GM/AGM/COO | CMC/CEO/Chairwoman |
| Cherry Khine | | Myat Su Pone | | |

04-CFD-CAS-FRM-005-03

CamScanner

**JEWELLERY LUCKY PRODUCTION COMPANY LIMITED.**
OLYMPIC HOTEL, NATIONAL SWIMMING POOL COMPOUND, U WISARA ROAD,
DAGON TOWNSHIP, YANGON REGION, MYANMAR.
TEL : 01 - 243130, 243134, 243135, 641763 ~ 7, 647650 ~ 4 FAX : 95 - 1 - 242946

Ref :

Date :

# Invoice

Date : 03.07.2025

To : Seventy Eight Co., Ltd.

| No | Description | Total Amount ($) |
|---|---|---|
| 1 | Forklift (13 Nos * $ 6000/-)<br><br>Total ($ 78,000/-) * 30% | 23,400.00 |
| Total Amount ( $ ) | | 23,400.00 |

Daw Darli Myint
Accountant
Import Trading Department

CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၆၀၀ ကျပ် K 600

**" Jewellery Lucky Production Co., Ltd နှင့် Seventy Eight Co.,Ltd တို့
အကျိုးတူပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ် "**

ရက်စွဲ ။ ။ ၂၀၂၅-ခုနှစ်၊ ဇူလိုင်လ၊ ( ၃ )ရက်။

(က)ဖက် - Jewellery Lucky Production Co., Ltd (JLPC) ၏ ကိုယ်စား

(၁) ဦးမင်းမျိုးသန့် Executive Director (၉/မထလ(နိုင်)၁၈၃၇၈၀)

(၂) ဦးကျော်ဝေ Director (၁၂/ဒဂမ(နိုင်)၀၂၇၈၂၂)

(ခ) ဖက် - Seventy Eight Co., Ltd (SEC) ၏ ကိုယ်စား

(၁) ဒေါ်ကြေးမှုံဝင်း Managing Director (၁၂/သဃက(နိုင်)၀၄၃၃၁၁)

(၂) ဒေါ်ခိုင်စုလှိုင် Operation Manager (၇/ညလပ(နိုင်)၁၃၂၉၁၀)

( အထက်ပါ စာချုပ်ချုပ်ဆိုသူများအနေဖြင့် ၎င်းတို့ကိုယ်တိုင်အပြင် ၎င်းတို့အသီးသီး၏ အမွေဆက်ခံခွင့်ရှိသူများ၊ အကျိုးသက်ဆိုင်ခွင့်ရှိသူများနှင့် တရားဝင်ကိုယ်စားလှယ်များလည်း ပါဝင်ပါသည်ဟု မှတ်ယူရပါမည်။ )

၁။ (က)ဖက် Jewellery Lucky Production Co.,Ltd ( JLPC ) သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုချက်ဖြင့် မန္တလေးတိုင်းဒေသရှိ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဘဲလင်းကျေးရွာတွင် လည်းကောင်း၊ မှန်ပြည်နယ်ရှိ ဘီးလင်းနှင့် သံဖြူဇရပ်မြို့များတွင် လည်းကောင်း စက်ရုံများတည်ထောင်၍ တန်ဘိုးမြှင့်သစ်ပါးလွှာနှင့် အထပ်သားများထုတ်လုပ်ကာ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိပြီး **Export Earning** များ ရရှိထားသော ကုမ္ပဏီဖြစ်ပါသည်။ ၎င်းအပြင် စက်ရုံများအတွက် အထပ်သားထုတ်လုပ်ရာတွင် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ၊ စက်ပစ္စည်းများ၊ ယန္တယားများ၊ ကော်ချက်ရာတွင် အသုံးပြုသည့် Chemical ပစ္စည်းများ စသည့် ပစ္စည်းများကို **ကိုယ်ပိုင် Export Earning** များဖြင့် **Import Licence** များ လျှောက်ထားလျက်ရှိသော ကုမ္ပဏီဖြစ်ပါသည်။

၂။ (ခ)ဖက် Seventy Eight Co., Ltd (SEC) သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် တည်ရှိပြီး စက်ရုံသုံး Forklift များ မြန်မာပြည်တစ်ပြည်လုံးသို့ ဖြန့်ဖြူး ရောင်းချလျက်ရှိသော ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။

၃။ (က)ဖက် JLPC နှင့် (ခ)ဖက် SEC တို့သည် ယခင်ကတည်းက ရင်းနှီးကျွမ်းဝင်ကြပြီး နှစ်ဦးနှစ်ဖက် အကျိုးတူပူးပေါင်း၍ Forklift (၁၃)စီး တင်သွင်းခြင်းအတွက် သွင်းကုန်လိုင်စင်လျှောက်ထားခြင်း လုပ်ငန်းကို အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါ Forklift (၁၃)စီးသည် (က)ဖက် JLPC ၏ လက်အောက်ရှိ စီမံကိန်းအမည်များဖြင့် ရရှိထားသော စက်ယန္တရားများ ဖြစ်ပါသည်။ (က)ဖက် JLPC အနေဖြင့် မိမိတို့၏ စီမံကိန်း လုပ်ငန်းများတွင် (ခ)ဖက် SEC တင်သွင်းလာသော ယန္တရားများမှ လိုအပ်သည်များရှိခဲ့ပါက ချိတ်ဆက်ညှိနှိုင်း၍ ဝယ်ယူအားပေးသွားမည် (သို့မဟုတ်) ငှားရမ်းသွားမည် ဖြစ်ပါသည်။

**၄။ (က)ဖက် JLPC နှင့် (ခ)ဖက် SEC တို့၏ တာဝန်များနှင့် အကျိုးခံစားခွင့်များ**

(၁) (က)ဖက် JLPC မှ (ခ)ဖက် SEC မှ လိုအပ်သော Forklift (၁၃)စီး အတွက် လိုင်စင်ရရှိအောင် တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်သည်။ (က)ဖက် JLPC မှ သွင်းကုန်လိုင်စင် သက်တမ်း(၃)လ ပြည့်ပါက ပထမအကြိမ် သက်တမ်းတိုး(၂)လနှင့် ဒုတိယအကြိမ် သက်တမ်းတိုး(၁)လ၊ စုစုပေါင်း သွင်းကုန်လိုင်စင် သက်တမ်းကာလ (၆)လအထိ ရရှိအောင် တာဝန်ယူ ဆောင်ရွက်ပေးမည်ပြီး သက်တမ်း(၆)လအတွင်း သဘော်တင် လုပ်ငန်းများကို ပြီးစီးအောင် (ခ)ဖက် SEC မှ တာဝန်ယူ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ လိုင်စင်သက်တမ်း ကုန်ဆုံးသည်အထိ သဘော်တင် လုပ်ငန်း ဆောင်ရွက်နိုင်ခြင်းမရှိပါက (ခ)ဖက် SEC ၏ တာဝန်သာ ဖြစ်ပါသည်။

CS CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၆၀၀ ကျပ် ခြောက်ရာကျပ် K 600



(၂) (က)ဖက် JLPC သည် (ခ)ဖက် SEC သို့ သွင်းကုန်လိုင်စင်လျှောက်ထားခြင်းအတွက် Forklift (၁၃)စီး၏ ကညနလိုင်စင်ရရှိခြင်း လုပ်ငန်းစဉ်အတွက် လိုအပ်သည့် စာရွက်စာတမ်းများကို ထောက်ပံ့ကူညီပေးမည် ဖြစ်ပါသည်။

(၃) အဆိုပါ Forklift (၁၃)စီးအတွက် နိုင်ငံတော်သို့ တရားဝင်ပေးဆောင်ရမည့်အခွန်အခများ (Custom Duty, Commercial Tax & Income Tax ) များကို (က)ဖက် JLPC မှ ပေးဆောင်သွားရန် သဘောတူပါသည်။

(၄) အဆိုပါ တင်သွင်းခြင်းအတွက် နိုင်ငံတော်သို့ တရားဝင် ပေးဆောင်ရမည့် အခွန်အခများ ( Cus -tom Duty, Commercial Tax and Income Tax ) များကို (က)ဖက် JLPC မှ ပေးဆောင်သွားမည် ဖြစ်ပြီး Form-31 အား ပြန်လည်ထုတ်ပေးမည်မဟုတ်ကြောင်း (ခ)ဖက် SEC မှ သဘောတူပါသည်။

(၅) (က)ဖက် JLPC မှ နိုင်ငံတော်သို့ တရားဝင်ပေးဆောင်ရမည့် အခွန်အခများ ( Custom Duty, Commercial Tax & Income Tax ) များမှလွဲ၍ (ခ)ဖက် SEC သည် ပြည်ပမှတင်သွင်းလာသော Forklift (၁၃)စီး အတွက် သင်္ဘောခ၊ Agent ခ၊ ဆိပ်ကမ်းတွင် ကုန်ကျစရိတ်များနှင့် သယ်ယူပို့ဆောင်ခ စသည်များ အားလုံးကို (ခ)ဖက် SEC မှ ကျခံသွားမည်ဟု သဘောတူ ပါသည်။

(၆) ဆိပ်ကမ်းမှ ပစ္စည်းထုတ်သည့်အခါ (ခ)ဖက် SEC မှ ရွေးချယ်သည့် Agent ဖြင့် ကုန်ပစ္စည်းထုတ်ယူပါမည်။ ထိုသို့ ဆောင်ရွက်ရာတွင် လိုအပ်သော စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များအား အပြန်အလှန် ထောက်ပံ့ကူညီပေးမည် ဖြစ်ပါသည်။

(၇) (က)ဖက် JLPC အမည်ဖြင့် Forklift (၁၃)စီး အား သွင်းကုန်လိုင်စင် လျှောက်ထားခြင်း အတွက် လိုင်စင်တွင် ဖော်ပြထားသော ပစ္စည်းအရေအတွက်အတိုင်း တင်သွင်းရန် နှင့် ကွဲလွဲ၍ပါရှိလာခြင်း မဖြစ်အောင် ဆောင်ရွက်သွားမည်ကို နှစ်ဦးနှစ်ဖက် သိရှိသဘောတူကြပြီး ကွဲလွဲမှုတစ်စုံတစ်ရာပါရှိပါက ဖြေရှင်းရမည့် ကိစ္စအဝဝ နှင့် ကုန်ကျစရိတ် အားလုံးကို (ခ)ဖက် SEC မှ တာဝန်ယူ၍ ပြေလည်သည် အထိ ဖြေရှင်းသွားရန် သဘောတူပါသည်။

(၈) (ခ)ဖက် SEC မှ Forklift (၁၃)စီး အား သွင်းကုန်လိုင်စင်တွင် ပါရှိသည်အတိုင်း ကွဲလွဲခြင်းမရှိအောင် တင်သွင်းရမည်ကို သိရှိပြီး (က)ဖက် JLPC မှလည်း (ခ)ဖက် SEC မှ ပေးပို့သည် အချက်အလက်များအတိုင်း ကွဲလွဲခြင်းမရှိအောင် လိုင်စင်ကို လျှောက်ထားပေးရန် နှစ်ဦးနှစ်ဖက် သိရှိသဘောတူကြပါသည်။

(၉) (က)ဖက် JLPC အမည်ဖြင့် တင်သွင်းလာသော ပစ္စည်းများ ဆိပ်ကမ်းရောက်ရှိပြီး ပစ္စည်းထုတ်ယူရန် အဆင်သင့်ဖြစ်သည့် အချိန်တွင် အဆိုပါ ပစ္စည်းများ အားလုံးအား (ခ)ဖက် SEC မှ တာဝန်ယူ၍ ၄င်းတို့သတ်မှတ်ထားသည့် နေရာများသို့ သယ်ဆောင်၊ သိုလှောင်၊ သုံးစွဲခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(၁၀) (က)ဖက် JLPC အမည်ဖြင့် တင်သွင်းထားသော Forklift (၁၃)စီး သည် စီမံကိန်းအမည်ဖြင့် ရရှိထားသည့် ယန္တရား ဖြစ်သည့်အတွက် (ခ)ဖက် SEC မှ ဥပဒေနှင့်ငြိစွန်းသော တရားမဝင်သည့် လုပ်ငန်းများတွင် အသုံးပြုခြင်းမပြုရန်နှင့် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါက ပြေလည်သည် အထိ တာဝန်ယူဖြေရှင်းပေးရမည်ကို (ခ)ဖက် SEC မှ သဘောတူပါသည်။

**၅။ (က)ဖက် JLPC နှင့် (ခ)ဖက် SEC တို့၏ ငွေပေးချေမှုပုံစံ**

(၁) (ခ)ဖက် SEC မှ Forklift (၁၃)စီး သွင်းကုန်လိုင်စင်လျှောက်ထားခြင်းအတွက် (က)ဖက် JLPC ၏ အကျိုးခံစားခွင့်မှာ Forklift (၁)စီးလျှင် USD-6,000/နှုန်းဖြင့် စုစုပေါင်းကျသင့်ငွေ USD-78,000/ ဖြစ်ပါသည်။ အဆိုပါ ကျသင့်ငွေမှ(၃၀%)ဖြစ်သော USD-(23,400) အား စာချုပ်ချုပ်ဆိုသည့်နေ့တွင်

CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၆၀၀ ကျပ် K 600



(ခ)ဖက် SEC မှ (က)ဖက် JLPC သို့ အကြေအလည် ပေးချေသွားမည်ဖြစ်ပြီး ကျန်ငွေ (၇၀%) ဖြစ်သော USD-(54,600)အား လိုင်စင်ရရှိပြီး(၁)ပတ်အတွင်း ပေးချေသွားရန် သဘောတူပါသည်။

(၂) (ခ)ဖက် SEC မှ ငွေပေးချေမှု ပြုလုပ်ရာတွင်လည်း (က)ဖက် JLPC သို့ ပေးချေရမည့် USD ပမာဏအား ငွေပေးချေမည့်နေ့၏ ကာလပေါက်ဈေးအတိုင်း ကျပ်ငွေသင့်၍ Bank Transfer ပြုလုပ်ခြင်း (သို့မဟုတ်) USD Cash ပေးချေခြင်း ကိုလည်း (က)ဖက် JLPC မှ သဘောတူ လက်ခံပါသည်။

(၃) ငွေပေးချေမှု ပြုလုပ်ပြီးပါက (က)ဖက် JLPC မှ သွင်းကုန်လိုင်စင်လျှောက်ထားသည့် လုပ်ငန်းစဉ်များ စတင်ဆောင်ရွက်၍ (၂)လအတွင်း သွင်းကုန်လိုင်စင်ရရှိရန် ဆောင်ရွက်ပေးပါမည်။

(၄) အကြောင်းတစ်စုံတစ်ရာကြောင့် သွင်းကုန်လိုင်စင်သည် (၂)လအတွင်း မရရှိခဲ့ပါက ထို(၂)လပြည့်သည့် နေ့မှ (၁)ပတ်အတွင်း (က)ဖက် JLPC သည် (ခ)ဖက် SEC ထံမှ လက်ခံရရှိထားသော USD ပမာဏအား အပြည့်အဝ ပြန်လည်ပေးချေမည် ဖြစ်ပါသည်။ ထိုသို့ ပေးချေရာတွင် ငွေပြန်လည် ပေးချေမည့်နေ့၏ ကာလပေါက်ဈေးအတိုင်း ကျပ်ငွေသင့်၍ Bank Transfer ပြုလုပ်ခြင်း (သို့မဟုတ်) USD Cash အတိုင်း (ခ)ဖက် SEC သို့ ပြန်လည်ပေးချေပါမည်ဟု ဝန်ခံကတိပြုပါသည်။

ဤသဘောတူစာချုပ်ပါ စကားရပ်များကို မိမိတို့ကိုယ်တိုင် ဖတ်ရှုနားလည် သဘောပေါက် လက်ခံပြီး မည်သူတစ်ဦးတစ်ယောက်၏ ဖြားယောင်းသွေးဆောင်မှုမရှိဘဲ လွတ်လပ်သော သဘောဆန္ဒအလျောက် ရန်ကုန်မြို့၌ ( ၃-၇-၂၀၂၅ )ရက်နေ့တွင် အောက်ပါ အသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုကြ ပါသည်။

**(က)ဖက်**
**Jewellery Lucky Production Co., Ltd ၏ကိုယ်စား**

(signature)
ဦးမင်းမျိုးသန့် ( Executive Director )
(၉/မထလ(နိုင်)၁၈၃၇၈၀)
Jewellery Lucky Production Co.,Ltd

**(ခ) ဖက်**
**Seventy Eight Co., Ltd ၏ကိုယ်စား**

(signature)
ဒေါ်ကြေးမုံဝင်း ( Managing Director )
(၁၂/သဃက(နိုင်)၀၄၃၃၁၁)
Seventy Eight Co., Ltd

**အသိသက်သေများ**

(signature)
ဦးကျော်ဝေ ( Director )
(၁၂/ဒဂမ(နိုင်)၀၂၇၈၂၁)
Jewellery Lucky Production Co.,Ltd

(signature)
ဒေါ်နိုင်စုလှိုင် ( Operation Manager )
(၇/ညလပ(နိုင်)၁၃၂၉၁၀)
Seventy Eight Co., Ltd

CS CamScanner